# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ၁၃ ရက်မြောက်နေ့အစီအစဉ်
# [၂၃-၇-၂၀၁၃] (အင်္ဂါနေ့)(၁၃၀၀)နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်၏ **ပုတီးကုန်း-ကာသိမ်ကာ-သမုတ်ထောင်လမ်းကို ကျောက်ချော လမ်းခင်းပေးရန်၊ သမုတ်ထောင်- ကွင်းကြီးလမ်းနှင့် ကွင်းကြီး- ပန်းတင်လမ်းကို မြေနီလမ်း ခင်းပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ် အတွင်းရှိ သက္ကလ- အေးမွန် (၁၂)မိုင်အရှည် မြေသားလမ်းအား ဂဝံခင်းပေးပါရန်နှင့် သစ်သားတံတားငယ်များ တည်ဆောက်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ် နောင်ထော် ဒေသမှတစ်ဆင့် ပွန်ချောင်းကို ဖြတ်ကျော် ဖောက်လုပ် ထားသည့် လမ်းပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆောက်လုပ် ပေးနိုင်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမောင်မောင်စိုး၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူ–ဘဲပြားလမ်းအား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရာတွင် သစ်သားတံတားကြီး၊ တံတားငယ်များအား စတင်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးအောင်သိန်း၊ ရွာငံ မဲဆန္ဒနယ်၏ **နေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲရေးကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **မြို့နယ်များတွင် Radio လိုင်းအား Digital စနစ်ဖြင့်လည်းကောင်း၊ FM လိုင်းများဖမ်းယူရရှိနိုင်သည့် ဒေသတိုးတက်လာစေရန်လည်းကောင်း၊ မြို့နယ် ထပ်ဆင့်လွှင့်စက်ရုံများမှ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ဌေး၊ ထီးလင်း မဲဆန္ဒနယ်၏ **လွှတ်တော်အသီးသီးတို့မှ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများကို လွယ်ကူစွာ ဝယ်ယူလေ့လာခွင့်ရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်တွင် ပြည်သူများလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးဌေးလွင်၊ နမ့်စန် မဲဆန္ဒနယ်၏ **နားရိုင်းပြည်သူ့စစ်ဌာနေအဖွဲ့ ဒေသတွင်းရှိ ကျေးရွာများကို နိုင်ငံတော်မှ လျှပ်စစ်မီးသွယ်တန်းဖြန့်ဖြူးပေးနိုင်ရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **Burma Company Act-1914 ပါ ပြဋ္ဌာန်းချက်များကိုပြင်ဆင်ရန် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ မြန်မာ–ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် သဘောထားရယူခြင်း။

၇။ ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်က **" ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု ဖြေရှင်းရေးအတွက် အထူးစီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်မှ တိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အခြားဒေသများမှ စိတ်ပါဝင်စားသော ပညာရှင်များ ပါဝင်သော အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ရေကြောင်း အတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြစ်ချောင်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။